**Asia Golden Glory Development Company Limited မှ အစုရှယ်ယာဝယ်ယူမှု နောက်ဆုံးအခြေအနေ အား ထုတ်ပြန်ခြင်း**

ဖတ်(စ်)မြန်မာအင်ဗက်(စ်)မဲ့(န်)ကုမ္ပဏီလီမိတက် (**"ကုမ္ပဏီ"** နှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီခွဲများစုပေါင်း၍ **"ကုမ္ပဏီအုပ်စု"**) ဒါရိုက်တာအဖွဲ့သည် Asia Golden Glory Development Company Limited မှ အစုရှယ်ယာဝယ်ယူမှုနှင့်ပတ်သက်၍ ၂၀၁၇ ခုနှစ်၊ မေလ(၅)ရက်နေ့ ရက်စွဲဖြင့်ထုတ်ပြန်ခဲ့သော ကြေညာချက်အားရည်ညွှန်းကာဆက်လက်ထုတ်ပြန်ခြင်းဖြစ်ပါသည်။ ဤကြေညာချက်ပါ စကားရပ်များသည် ယခင်ကြေညာချက်ပါ စကားရပ်များအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုရမည်ဖြစ်ပါသည်။

ဤကြေညာချက်အား ထုတ်ပြန်ပြီးနောက်တွင် FMI ကုမ္ပဏီနှင့် Asia Golden Glory ကုမ္ပဏီတို့သည် လိုအပ်သော အတည်ပြုထောက်ခံချက်များရရှိရေးနှင့် ရှယ်ယာဝယ်ယူမှုသဘောတူစာချုပ်ပါစည်းကမ်းချက်များအတိုင်းဖြည့်ဆည်းလိုက်နာရေးအတွက်ဆက်လက်ကြိုးပမ်းဆောင်ရွက်ဆဲဖြစ်ပါသည်။ မူလ စာချုပ်အရ စာချုပ်သက်တမ်းမှာ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ(၃၁)ရက်နေ့တွင်ကုန်ဆုံးမည်ဖြစ်ပါသည်။ အဆိုပါသဘောတူစာချုပ်အားအောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက်လုံလောက်သည့် အချိန်အတိုင်းအတာရရှိနိုင်စေရန် FMIကုမ္ပဏီနှင့် Asia Golden Gloryကုမ္ပဏီတို့သည် စာချုပ်သက်တမ်း ကုန်ဆုံး သည့်နေ့ရက်မှ နောက်ထပ်(၂)လ တိုးမြှင့်ရန်နှစ်ဘက်သဘောတူခဲ့ကြပါသည်။ FMI ကုမ္ပဏီ၏ပါဝင်ဆောင်ရွက်မှုကဏ္ဍနှင့်စာချုပ်ပါစည်းကမ်းချက်များမှာယခင်အတိုင်းပြောင်းလဲခြင်းမရှိကြောင်း အသိပေးအပ်ပါသည်။

ဒါရိုက်တာအဖွဲ့၏အမိန့်အရ

ထွန်းထွန်း
အမှုဆောင်ဒါရိုက်တာ

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ (၂၉)ရက်။

**FIRST MYANMAR INVESTMENT CO., LTD.**
YSX Code 00001
The Campus
1 Office Park, Rain Tree Drive
Pun Hlaing Estate, Hlaing Thayar Township
Yangon 11401, Myanmar
Tel: (01) 3687766
www.fmi.com.mm